# တရားမဝင်အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူ အသိပေးကြော်ငြာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်အတွက် စဉ်ဆက်မပြတ် စနစ်တကျ စီစဉ်ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင်အစားအသောက်များကို Online Media များမှတစ်ဆင့် ကြော်ငြာရောင်းချနေမှုများအား တရားမဝင် Online ကြော်ငြာချက်များ စောင့်ကြည့်ရေးအဖွဲ့မှ စိစစ်ခဲ့ရာ အောက်ဖော်ပြပါ Social Media သည် Online တွင် အလွန်အကျွံ ကြော်ငြာရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသည်။

စိစစ်ချက်များအရ - မြန်မာနိုင်ငံတွင် သွင်းကုန်ထောက်ခံချက်ရရှိထားခြင်းမရှိသော အစားအသောက်များ ရောင်းချနေခြင်း၊ ရောင်းချသည့် Online Page တွင် လိပ်စာအပြည့်အစုံ ဖော်ပြထားမှုမရှိခြင်းတို့အပြင် နာမည်ကြီး လူသိများ၊ ထင်ရှားကျော်ကြားသော အတတ်ပညာရှင်၊ အသိပညာရှင်များ၏ ရုပ်ပုံများ၊ ဗီဒီယိုများကို အသုံးပြု၍ မိမိ၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များ ထည့်သွင်းကာ လိမ်လည်ကြော်ငြာရောင်းချခြင်း၊ ရောဂါရှာဖွေ၊ ကုသ၊ ပျောက်ကင်း၊ သက်သာ၊ ကာကွယ်စေရန်အတွက် မဟုတ်သည့် ဓာတ်စာ၊ ဖြည့်စွက်စာများကို "ရောဂါကုသပျောက်ကင်းနိုင်သည်" ဟူသော စာသားများဖြင့် အလွန်အကျွံကြော်ငြာခြင်းများဖြင့် Online/ Social Media များတွင် ရောင်းချနေကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ အများပြည်သူများအနေဖြင့် မမှန်မကန်လိမ်လည်၍ ကြော်ငြာရောင်းချနေသော သွင်းကုန်ထောက်ခံချက် မှတ်ပုံတင်ထားခြင်းမရှိသည့် အစားအသောက်များကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် အများပြည်သူများ ဆင်ခြင်သုံးစွဲနိုင်ပါရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက်ရရှိထားသော ကုန်ပစ္စည်းများကို https://esubmission.fda.gov.mm/search-product တွင် တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ထို့အပြင် မိမိတို့သုံးစွဲနေသည့် အစားအသောက်များနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာတွေ့ရှိပါက နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| | |
|---|---|
| သတင်းပေးပို့ရန် | - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ |
| လိပ်စာ | - ပြည်ကြီးဖေယျာလမ်း၊ စံပယ်အိမ်ရာရှေ့၊ ဖေယျာသီရိရပ်ကွက်၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ။ |
| ဖုန်း | - ၀၆၇-၃၄၀၃၂၅၀၊ ၀၆၇-၃၄၀၃၁၆၇ |
| အီးမေးလ် | - foodlocalnpt3@gmail.com |


**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**

DFDA

# Facebook Page တွင် လိမ်လည်ကြော်ငြာလျက်ရှိသော Online Page


| No | Page Name | Link | Product Name & Kind of Food |
|---|---|---|---|
| ၁။ | ကိုယ်အလေးချိန်ကျဖို့က အရမ်းလွယ်ပါတယ် | https://www.facebook.com/profile.php?id=61553128844158&mibextid=ZbWKwL | Hogi အမှတ်တံဆိပ် နို့မှုန့် |






## နာမည်ကြီး လူသိများ၊ ထင်ရှားကျော်ကြားသော အတတ်ပညာရှင်၊ အသိပညာရှင်များ၏ ရုပ်ပုံများအား အသုံးပြု၍ မိမိ၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များ ထည့်သွင်း၍ လိမ်လည်ကြော်ငြာရောင်းချသော ကုန်ပစ္စည်းနမူနာပုံစံ









# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက်အတုများပြုလုပ်၍ ကြော်ငြာရောင်းချထားသော ကုန်ပစ္စည်းနမူနာ


2023

CERTIFICATE OF REGISTRATION

*This certifies that:*

**Branch of Hogi Milk**
**HOGI VIET NAM TECHNOLOGY COMPANY LIMITED**
**Tho Quan Lane, Kham Thien Street,**
**Tho Quan Ward**
**Ha Noi 11525**
**Vietnam**

is registered with the U.S. Food and Drug Administration pursuant to the Federal Food Drug and Cosmetic Act, as amended by the Bioterrorism Act of 2002 and the FDA Food Safety Modernization Act, such registration having been verified as currently effective on the date hereof by Registrar Corp:

| | |
|---|---|
| U.S. FDA Registration No.: | 1001040698 |
| U.S. Agent for FDA Communications: | Registrar Corp<br>144 Research Drive, Hampton, Virginia, 23666, USA<br>Telephone: +1-757-224-0177 • Fax: +1-757-224-0179 |

*This certificate affirms that the above stated facility is registered with the U.S. Food and Drug Administration pursuant to the Federal Food Drug and Cosmetic Act, as amended by the Bioterrorism Act of 2002 and the FDA Food Safety Modernization Act, such registration having been verified as effective by Registrar Corp as of the date hereof, and Registrar Corp will confirm that such registration remains effective upon request and presentation of this certificate until December 31, 2023 unless such registration has been terminated after issuance of this certificate. Registrar Corp makes no other representations or warranties, nor does this certificate make any representations or warranties to any person or entity other than the named certificate holder, for whose sole benefit it is issued. Registrar Corp assumes no liability to any person or entity in connection with the foregoing. The U.S. Food and Drug Administration does not issue a certificate of registration, nor does the U.S. Food and Drug Administration recognize a certificate of registration. Registrar Corp is not affiliated with the U.S. Food and Drug Administration.*

**Registrar Corp**
144 Research Drive, Hampton, Virginia, 23666, USA
Telephone: +1-757-224-0177 • Fax: +1-757-224-0179
info@registrarcorp.com • www.registrarcorp.com

David Lennarz
Executive Director
Registrar Corp
Dated: December 10, 2023
© Copyright 2003-2020 Registrar Corp



Online / Social Media နှင့်လိပ်စာအပြည့်အစုံဖော်ပြထားမှုမရှိဘဲ ရောင်းချနေသော ကုန်ပစ္စည်း နမူနာပုံစံနှင့် Page နမူနာပုံစံ

